# နန်းတော်ရပ်ကျေးရွာ
# မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၁၉ – ၂၀၂၀ )


ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပခုက္ကူမြို့နယ် ၊ မြင်းဝင်းကျေးရွာအုပ်စု ၊ နန်းတော်ရပ်ကျေးရွာ
( စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

# မာတိကာ


စာမျက်နှာ

မာတိကာ ၂
စကားချီ ၄
ပခုက္ကူမြို့နယ်၊ နန်းတော်ရပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ ၆
ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် ၇
၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** ၉
၃။ ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၉
( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု ၉
( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု ၁၀
(ဃ) ကျန်းမာရေးနှင့် အဟာရ ၁၀
( င) ပညာရေး နှင့် ကျွမ်းကျင်မှုများ ၁၀
( စ) ကျား/ မ ဆိုင်ရာ ဆက်နွှယ်မှု ၁၃
၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ ၁၄
၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ ၁၅
၆။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၁၇
၇။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ ၁၉
(က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ ၂၀
(ခ) ဖွံ့ဖြိုးရေး မိတ်ဖတ်အဖွဲ့အစည်း ၂၁
(ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၂
(ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ ၂၃
၈။ စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၆
၉။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၂၇
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၂၇
ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား ၃၀
ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား ၃၀
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၃၁
ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ ၃၂
ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ ၃၃

| | | |
|---|---|---|
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၈ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၉ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၀ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၃၁ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၂ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၄ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၅ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၆ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၇ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၈ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၈ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၉ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၄၁ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၂ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၃ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၅ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၆ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၈ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၈ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၉ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၉ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၀ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၅၃ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၅၃ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၅၄ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၅၄ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၅၅ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၅၆ |
| ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၅၆ |

| | | | |
|---|---|---|---|
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၇ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၅၈ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၅၉ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၆၀ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၆၁ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၆၂ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၆၃ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၆၅ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၆၇ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၆၈ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၉ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၇၀ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၇၀ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၇၁ |

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ နန်းတော်ရပ်ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP) ကျေးရွာအဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် နန်းတော်ရပ် ကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ် ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိကအခက်အခဲဖြစ်နေသော ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ပထမဦးစားပေး အနေ ဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ဘက်စုံသုံးခန်းမ ဖြစ်မြောက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက် စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင် တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြား ပို့ချခဲ့ ပါသဖြင့် ကျွန်ုပ်တို့ကျေးရွာသူ/ သားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျေးရွာလူထုသည်သာ အဓိကပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက် လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဦးစီးဌာန တို့

၏ ဆက်လက်ပံ့ပိုး ကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တက်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင်အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြ ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များပါဝင်ပါသည်။

မေ လ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန်းတော်ရပ်ကျေးရွာ
ပခုက္ကူမြို့နယ်

## နန်းတော်ရပ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**၁။ နိဒါန်း**

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါ သည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ် နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်း ဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်းဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှုများကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေးရွေးချယ် ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာ ရောက်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်းအခက်အခဲများ ရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက်များကိုသာ ဦးစားပေးစီမံကိန်းများအဖြစ် ရွေးချယ်သွားပါမည် ကျေးရွာဒေသခံများ အသိပညာ စွမ်းဆောင်နိုင်မှု

ဗဟုသုတနှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နန်းတော်ရပ်ကျေးရွာသည် ဧရာဝတီ မြစ်အနောက်ဘက်ခြမ်း ပခုက္ကူ-ဆိပ်ဖြူကား လမ်းမကြီး၏ အနောက်ဘက်တွင် တည်ရှိပြီး ပခုက္ကူမြို့နှင့် (၁၂)မိုင်ကွာဝေးပါသည်။ နန်းတော်ရပ်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျပန်းလုပ်ငန်းကို အဓိကထားလုပ်ကိုင် ကြပါသည်။ ချောင်းနှင့် နီးသည့်အတွက် မိုးရာသီတွင်ရေများဝင်ရောက်ပြီး ကျေးရွာအရှေ့ပိုင်းရှိ နေအိမ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

နန်းတော်ရပ်ကျေးရွာတွင် ယာမြေ (၁၀၁)ကေရှိသော်ပြီး မြေဆီမြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ယခုနှစ်တွင် မိုးလေဝသမမှန်သော်လည်း သီးနှံအထွက်နှုန်းကောင်းမွန်ပြီ အရည် အသွေးကောင်းမွန်ပါသည်။ ကိုင်းကျွန်းမြေ (၆၁)ကေ ရှိပြီး မြေဆီမြေဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ယာမြေတွင် မြေပဲ၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲတီစိမ်း စသည့်သီးနှံများ စိုက်ပျိုးကြပါသည်။ ကိုင်းကျွန်းမြေတွင် မြေပဲ၊ ငရုတ်၊ ပဲနီပြား၊ ပဲထောပတ်ဖြူ CP ပြောင်းဖူး၊ ပဲထောပတ် စသည့် သီးနှံများ စိုက်ပျိုးကြပါသည်။ ဓနိတောမြေမရှိပါ။ နွားစာအသင့်အတင့်ပေါများပြီး လွယ်ကူစွာရရှိပါသည်။ ကျေးရွာ အရှေ့ပိုင်းတွင် ချောင်းရှိပြီး ချောင်းအန္တရာယ် စိုးရိမ်ရသော်လည်း ကျေးရွာတွင် ချောင်းသဲရရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

နန်းတော်ရပ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉၁)စု ရှိပြီးရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စု တစ်ဦးအနည်းဆုံးရှိသော အိမ်ထောင်စု (၃၂)စုရှိပြီး လူဦးရေ (၆၂)ဦးရှိပါသည်။ ကျားဦးရေ (၄၃၈)ဦး၊ မဦးရေ (၅၃၁)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၃)ဦးနှုန်း ရသည့်အတွက် နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ သာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏( ၇၄.၂%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်သော လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် (၁.၈%)မျှပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

နန်းတော်ရပ်ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာသတ်မှတ်မှုတွင် (၉၉) အိမ်ထောင်စုသည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး ( ` )ဦးသည် ချမ်းသာသည့်အဆင့်၊ ( )ဦးသည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ချမ်းသာသောအိမ်ထောင်စု (၂၂)စု၏ မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး (၅)ကေမှ အများဆုံး (၂၀)ကေ ပိုင်ဆိုင်ကြပါသည်။ အဝီစိတွင်း (၁)တွင်း၊ ယင်လုံအိမ်သာ(၁)လုံး၊ ရေကန်(၂)ကန်၊ စက်ဘီး (၂)စီး၊ ဆိုင်ကယ်(၂)စီး၊ ကား(၁)စီး၊ သုံးဘီး ဆိုင်ကယ် (၁)စီးစီပိုင်ဆိုင်ကြပါသည်။ ချမ်းသာသော အိမ်ထောင်စုတွင် နွား(၂)ကောင်စီရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများတွင် တယ်လီဖုန်း(၃)လုံး၊ တီဗွီ စလောင်း(၂)လုံးစီပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထာင်စု ( ၁၇၈ )စု၏ မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး (၂)ကေမှ အများဆုံး (၁၀)ကေထိ ပိုင်ဆိုင်ကြပါသည်။အလယ်အလတ်ရှိသောအိမ်ထောင်စုများတွင် တုံင်တွင်း (၁)တွင်း၊ ယင်လုံအိမ်သာ(၁)လုံး၊ ရေကန်(၁)ကန်၊ ၊ စက်ဘီး (၁)စီး၊ ဆိုင်ကယ် (၁)စီးစီပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု ( ၈၉ )စု၏မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး (၁)ကေမှ အများဆုံး (၂)ကေထိ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများတွင် ယင်လုံအိမ်သာ (၁)လုံး၊ ၊ ရေကန်(၁)ခုစီပိုင်ဆိုင်ကြပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စု (၂)စုရှိပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြပါသည်။ ကျေးရွာတစ်ရွာလုံး အိမ်တိုင်ရာရောက်ရေမီတာသုံး ရေပေးရေးစနစ်အား တစ်ရွာလုံးအသုံးပြုနေကြပါသည်။ ယခုနှစ်တွင် တောင်သူလုပ်ငန်းလုပ်ကိုင်သူများမှာ အဆင်ပြေမှုရှိပါသည်။ ယာမြေလုပ်ငန်း၊ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးသည့် နှမ်း၊ မြေပဲ၊ ဝါ၊ ပဲနောက်၊ ငရုတ်စသည့်သီးနှံများမှာ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ပါသည်။ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက် စသည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ(၁၀၉)ဦး လုပ်ကိုင်ကြပြီး အဆင်ပြေမှုရှိသည်ကို တွေ့ရှိရပါသည်။ နွား၊ သိုး၊ ဆိတ် ဈေးနှုန်းများ ကောင်းသဖြင့် မွေးမြူရေးလုပ်ငန်းကို မိသားစု တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်စက်ရုံတွင် (၂)ဦး၊ မန္တလေးစားသောက်ဆိုင်တွင် (၅)ဦး သွားရောက်လုပ်ကိုင်ကြသော်လည်း ကျန်ကျေးရွာသူ/သားများမှာ ကျေးရွာတွင်း၌သာလုပ်ကိုင်စားသောက်နေသည်ကိုတွေ့ရှိရပါသည်။ ကျပန်းလုပ်သား များပြားသည်ကိုတွေ့ရှိရပါသည်။ ကိုရီးယားနိုင်ငံသို့သွားရောက်လုပ်ကိုင်သူ (၂)ဦး၊ ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သူ (၆)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ပညာရေးဝန်ထမ်း (၂)ဦးရှိပြီး (၁)ဦးမှာ ပင်စင်စားဝန်ထမ်းဖြစ်ပါသည်။ ကားပိုင်(၁၀)ဦးရှိပြီး ပခုက္ကူ-နန်းတော်ရပ်ကားလိုင်းပြေးဆွဲသူ (၇)ဦးရှိပါသည်။ ဆီဆုံ (၇)ဆုံ ရှိပြီး ဝါကြိတ်လုပ်ငန်း လုပ်ကိုင်သူ (၁)ဦး ရှိပါသည်။ ဆိုင်ကယ်ပြင်လုပ်ငန်း လုပ်ကိုင်သူ (၂)ဦးရှိပြီး စက်ဘီး ပြင်လုပ်ငန်း လုပ်ကိုင်သူ (၁)ဦး ရှိပါသည်။ လျှပ်စစ်လုပ်သား လုပ်ကိုင်သူ (၅)ဦးရှိပါသည်။ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ (၅)ဦးရှိပါသည်။ သံဖြူလုပ်ငန်း လုပ်ကိုင်သူ (၁)ဦးရှိပါသည်။ ကျေးရွာတွင် ငွေတိုးချေးစားသူ (၇)ဦးရှိပါသည်။ လက်သမားလုပ်ငန်း လုပ်ကိုင်သူ (၁၀)ဦး ရှိပါသည်။ မြေပဲဆားလှော် လုပ်ငန်းလုပ်ကိုင်သူ (၁)ဦး ရှိပါသည်။ ပဲခွဲလုပ်ငန်းလုပ်ကိုင်သူ (၃)ဦးရှိပါသည်။ မန္တလေးမြို့သို့ ကိုယ်ပိုင်စားသောက်ဆိုင်ဖွင့်လှစ်နေသူ (၅)ဦး ရှိပါသည်။ ရန်ကုန်မုန့်ဆိုင်နှင့် အထည်ချုပ်စက်ရုံသို့ သွားရောက်လုပ်ကိုင်သူ (၂)ဦး ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

နန်းတော်ရပ်ကျေးရွာတွင် ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၃၃)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃)လ အောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု ( ၁၅ )အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု ( ၁၀ ) စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု ( ၈ )အိမ်ထောင်စုရှိပါသည်။ (၃)လအောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများနှင့် (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုနှင့် (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများအား ဆွေမျိုးသားချင်းများနှင့် ငွေကြေးတတ်နိုင်သူများမှ ထောက်ပံ့ထားပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်နှစ်ပတ်လုံး (၁)သိန်းကျပ်မှ (၃)သိန်း ကျပ်အထိ တင်ရှိနေကြပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုတွင် လူဦးရေအများဆုံး (၅)ဦး ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်(၁)စုတွင် လူဦးရေ (၅)ဦး ရှိပါသည်။ ကျန်ရှိသော အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၂၀)တွင် ဆင်းရဲသော်လည်း မိသားစုဦးရေမများပါ။ ကျန်ရှိသော မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု(၁၀)စုတွင် ဆင်းရဲသော်လည်း လူဦးရေမများပါ။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ခြင်းမရှိဘဲ မိမိတို့ ကျေးရွာတွင်း၌သာ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေသည်ကို တွေ့ရှိရပါသည်။ စားနပ်ရိက္ခာဖူလုံမှုမရှိသူများမှာ မိသားစု စောင့်ရှောက်မှုမရှိသော (၆၅)နှစ်အထက် သက်ကြီးများဖြစ်ပါသည်။ အိမ်ထောင်စုအများစုမှာ ယာခင်းချောင်းနှင့် ကန်တော်ရေများ ဝင်ရောက်သည့် အချိန်တွင် ချောင်းရေဝင်ရောက်၍ သွားရေးလာရေးခက်ခဲပါသည်။ လက်လုပ်လက်စားကျပန်း အလုပ်သမားများပြားပြီး မိုးရာသီတွင် စားနပ်ရိက္ခာဖူလုံမှုမရှိပါ။ ဆင်းရဲသားတောင်သူများမှာ သီးနှံအထွက်နှုန်း လျော့နည်းသည့်အချိန်၊ သီးနှံများဈေးကောင်း မရသည့်အချိန်တွင် အတိုးယူ၍ စိုက်ပျိုးရသောကြောင့် စားနပ်ရိက္ခာမဖူလုံသည့် အခက်အခဲရှိပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

နန်းတော်ရပ်ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်နည်းပြီး သွေးလွန်းတုပ်ကွေးရောဂါသည် မိုးရာသီတွင် ခြင်ပေါက်ဖွားမှုနှုန်းများသဖြင့် အသက် (၅)နှစ်မှ (၁၀)နှစ် အတွင်းရှိ ကလေးငယ်များတွင် အဖြစ်များပါသည်။ ကျေးရွာတွင် အုတ်၊ ရေလှောင်ကန်များမှ ခြင်ပေါက်ဖွားမှုများကြောင်း တွေ့ရှိရပါသည်။ ငှက်ဖျားနှင့် အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုအနည်းအကျဉ်း ရှိကြောင်းတွေ့ရှိရပါသည်။ တီဘီ၊ ဆီးချိုနှင့် အသည်းရောဂါများ ဖြစ်ပွားမှုနည်းပါးပြီး အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်ရောဂါများ မရှိကြောင်းတွေ့ရပါသည်။ တီဘီ၊ ဆီးချိုနှင့် အသည်းရောဂါများဖြစ်ပွားမှုနည်းပါးပြီး အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်ရောဂါများ မရှိကြောင်းနှင့် သွေးတိုးရောဂါဖြစ်ပွားမှု များပြားကြောင်း တွေ့ရှိရပါသည်။ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးသည့်ကို တွေ့ရပါသည်။ အသည်းရောင်အသားဝါရောဂါနှင့် ဝက်သက်ရောဂါများဖြစ်ပွားသူ ဦးရေနည်းပါးကြောင်း တွေ့ရှိရပါသည်။ နန်းတော်ရပ်ကျေးရွာအရှေ့ဘက်တွင် ကျေးလက် ဆေးပေးခန်းတစ်ခုရှိပါသည်။ ဆေးခန်းတွင် ဆေးကုသခန်း၊ ဆေးသိုလှောင်ခန်း၊ ဘုရားခန်းဟူ၍ အခန်း(၃) ခန်းရှိပြီး ခုတင်(၂)လုံးရှိပါသည်။ တိုက်နယ်ဆေးရုံမှာ (၈)မိုင်ကွာဝေးပြီး အခန်းကုတင် လုံလောက်

မှုရှိပါသည်။ ပခုက္ကူမြို့နယ်ဆေးရုံနှင့် (၁၂)မိုင်ကွာဝေးပြီး အခန်းကုတင် လုံလောက်မှုရှိပါသည်။ ရွာအနီးအနားတွင် ဆေးခန်းရှိပြီး ဆေးအလုံအလောက်မရှိပါ။ ရွာတွင်း(သို့မဟုတ်)ရွာအနီး အနားတွင် ဆေးဆိုင်ရှိပါသည်။ မိုးရာသီအချိန်တွင် ဝမ်းလျှောရောဂါနှင့် အစာအိမ်ရောဂါဖြစ်ပွားမှု အသင့်အတင့်ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

နန်းတော်ရပ်ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် များပြားသည်။ နန်းတော်ရပ်ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး အနီးအနားပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း(၂၀)မှ ကျောင်းသား/သူများ လာရောက်ပညာ သင်ကြားကြပါသည်။ ကျောင်းသား/သူပေါင်း (၇၃၂)ဦးရှိပြီး ကျောင်းဆောင်(၄) ဆောင်မှာအုတ်ညှပ်သွပ်မိုးဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိသေးပါ။ လူငယ်များ ၎င်းတို့၏ အားလပ်ချိန်လေးများအား အကျိုးရှိရှိအသုံးချရန် ကျေးရွာစာကြည့်တိုက်မရှိပါ။ လက်တွေ့သိပ္ပံခန်းမရှိပါ။ နန်းတော်ရပ်ကျေးရွာတွင် စာစစ်ဌာနအနေဖြင့် (၂၀၁၆)ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ပညာရေးကိုဦးစားပေးသဖြင့် ကျောင်းစရိတ်မတတ်နိုင်သော မိသားစုမရှိပါ။ ကျောင်းအားကစားပစ္စည်းများကျောင်းတွင်လုံလောက်စွာမရှိပါ။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

နန်းတော်ရပ်ကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြပြီး ကျား/ မနေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးသည်ကို တွေ့ရှိရသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အသင့်အတင့်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍ လူထု၏ အသိအမြင်အားနည်းသည်ကိုတွေ့ရှိရပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် လက်ရှိ၌ မူလတန်းတွင် ပညာသင်ကြားနေသော ကျား(၄၁)ဦး၊မ(၂၇)ဦး၊ အလယ်တန်းတွင် ပညာသင်ကြားနေသော ကျား(၁၈)ဦး၊ မ(၂၃)ဦး ၊အထက်တန်းတွင် ပညာသင်ကြားနေသော ကျား(၁၆)ဦး၊ မ(၁၈)ဦး ၊တက္ကသိုလ်ပညာသင်ကြားနေသော ကျား(၁၀)ဦး၊မ(၂၀)ဦး ရှိသောကြောင့် မူလတန်းနှင့် အလယ်တန်း အဆင့်မှ ယောကျ်ားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက် (၉)ဦး များပြီး၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသော မိန်းကလေး အရေအတွက်နှင့် ယောကျ်ားလေးအရေအတွက်ထက် (၂)ဦးများပြီး တက္ကသိုလ်အဆင့်တွင် အမျိုးသား(၁၀)ဦး၊ အမျိုးသမီး (၂၀)ဦးပညာသင်ယူနေသည့်အတွက် အမျိုးသားများနှင့် အမျိုးသမီးများ၏ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ တန်းတူညီမျှဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ–

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အခြား | * ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁၀၀ | ၁ | * နန်းတော်ရပ်ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ရန် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီက ကျေးလက်ဦးစီးဌာနမှ နည်းပညာအကူအညီယူ၍ဆောင်ရွက်သွားမည်။ | |
| လူငယ်ဖွံ့ဖြိုးရေး | * ၁၈’x၂၇’ သစ်သားအုတ်ညှပ်သွပ်မိုး(၁)ထပ်ဖြင့်စာကြည့်တိုက် ဆောက် လုပ်ခြင်း | | ၂ | * စာကြည့်တိုက်ဆောက်လုပ်ရန် စာကြည့်တိုက်ကော်မတီဖွဲ့စည်းပြီး ၊ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်သွားမည်။ | |
| ပညာရေး | * RC(၂)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးဆောင်ရွက်ရန် | | ၃ | * ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည်။ | |
| စိုက်ပျိုးရေး | * စိုက်ပျိုးသီးနှံများ ဈေးကောင်းရရှိရေးအစိုးရထံတင်ပြရန် | | ၄ | * စိုက်ပျိုးသီးနှံများဈေးကောင်းရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| စိုက်ပျိုးရေး | * စိုက်ပျိုးသီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး | | ၅ | * စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |

| | | | | | |
|---|---|---|---|---|---|
| **မီးလင်းရေး** | * ထရန်စဖော်မာ 100KVA တစ်လုံး ရရှိရန် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | | ၆ | * ထရန်စဖော်မာ 100KVA တစ်လုံး ရရှိရန် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်သွားမည်။ | |
| **ကျန်းမာရေး** | * ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေးဟော ပြောပွဲများပြုလုပ်ရန် ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း | | ၇ | * ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာ ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ် ရန် ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | |
| **အသက်မွေးဝမ်း ကျောင်း ကဏ္ဍ** | * အသက်မွေးဝမ်းကျောင်းသင်တန်း များဖွင့်လှစ်နိုင်ရေးအိမ်တွင်းမှုသင် တန်းကျောင်း၊ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | ၈ | * အိမ်တွင်းမှု သင်တန်းကျောင်းနှင့် ဆက် သွယ်ဆောင်ရွက် သွားမည်။ | |
| **စိုက်ပျိုးရေး** | * သီးနှံအဖျက်ပိုးအန္တရာယ်လျော့ နည်းရေးဆောင်ရွက်ရန် | | ၉ | * သီးနှံအဖျက်ပိုးအန္တရာယ်လျော့နည်းရေး တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ် ရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများ နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

| | | | | | |
|---|---|---|---|---|---|
| **အခြား** | * သက်ကြီးဘိုးဘွားများစောင့် ရှောက်ဆောင်ရွက်ရန် | | ၁၀ | * သက်ကြီးဘိုးဘွားများနှစ်စဉ်ပူဇော်ပွဲများပြုလုပ်ရန်နှင့်စောင့်ရှောက်မှုများပြုလုပ်ရန် အတွက် ပရဟိတအသင်းဖွဲ့စည်းဆောင်ရွက်သွားမည်။ | |
| **ကျန်းမာရေး** | * ကျန်းမာရေးအသုံးအဆောင်နှင့်ကျန်းမာရေးပစ္စည်းအလုံအလောက် ရရှိရေးဆောင်ရွက်ရန | | ၁၁ | ကျန်းမာရေးအသုံးအဆောင်နှင့် ပစ္စည်းများအလုံ အလောက် ရရှိရေးနှင့် ဝန်ထမ်းများဖွဲ့စည်းပုံ အတိုင်းရရှိရန် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁ | ✓ | | | | |
| ၂ | ၁၈'x၂၇'သစ်သားအုတ်ညှပ်သွပ်မိုး(၁)ထပ်ဖြင့်စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၂ | ✓ | ✓ | | | |
| ၃ | RC(၂)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း (၁၄၀၀ပေ x ၃၀ပေ) | ၃ | ✓ | ✓ | ✓ | ✓ | ✓ |
| ၄ | စိုက်ပျိုးသီးနှံများ ဈေးကောင်းရရှိရေး အစိုးရထံသို့ အဆိုပြုတင်ပြခြင်း | ၄ | | ✓ | ✓ | ✓ | ✓ |
| ၅ | စိုက်ပျိုးသီးနှံများမျိုးကောင်းမျိုးသန့်ရရှိရေးစိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ၅ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | 100 KVA ထရန်စဖော်မာ တပ်ဆင်ခြင်း | ၆ | ✓ | ✓ | | | |
| ၇ | ကိုယ်ဝန်ဆောင်မိခင်များကျန်းမာရေးအသိပညာဗဟုသုတရရှိရေးအတွက် အသိပညာပေးဟောပြောပွဲများပြုလုပ် ရန် ကျန်းမာရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၇ | ✓ | ✓ | ✓ | ✓ | ✓ |
| ၈ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရန် အိမ်တွင်းမှုသင်တန်းကျောင်း၊ | ၈ | ✓ | ✓ | ✓ | ✓ | ✓ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | | | | | | |
| ၉ | သီးနှံအဖျက်ပိုးအန္တရာယ်လျော့နည်းရေးတောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်နိုင်ရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊စိုက်ပျိုး ရေးကုမ္ပဏီများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၉ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၀ | သက်ကြီးဘိုးဘွားများနှစ်စဉ်ပူဇော်ပွဲများပြုလုပ်ရန်နှင့်စောင့်ရှောက်မှုများပြုလုပ်ရန် အတွက် ပရဟိတအသင်းဖွဲ့စည်း ဆောင်ရွက်ခြင်း | ၁၀ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၁ | ကျန်းမာရေးအသုံးအဆောင်နှင့်ကျန်းမာရေးပစ္စည်းအလုံအလောက်ရရှိရေးနှင့်ဝန်ထမ်းများ ဖွဲ့စည်းပုံ အတိုင်းရရှိရန် ကျန်းမာရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း | ၁၁ | ✓ | ✓ | ✓ | ✓ | ✓ |

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအသုံးစရိတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း စာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရ ည်မြှင့်တင်ရေး | |
| ၁ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | | | ✔ | | |
| ၂ | ၁၈'x၂၇'သစ်သားအုတ်ညှပ်သွပ်မိုး(၁)ထပ်ဖြင့်စာကြည့်တိုက်ဆောက်လုပ်ခြင်း | | | ✔ | ✔ | |
| ၃ | RC(၂)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း (၁၄၀၀ပေ x ၃၀ပေ) | | | | ✔ | ✔ |
| ၄ | စိုက်ပျိုးသီးနှံများဈေးကောင်းရရှိရေး အစိုးရထံသို့ အဆိုပြုတင်ပြခြင်း | | | | | |
| ၅ | စိုက်ပျိုးသီးနှံများမျိုးကောင်းမျိုးသန့်ရရှိရေးစိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | | |
| ၆ | 100 KVA ထရန်စဖော်မာ တပ်ဆင် ခြင်း | | | | | |
| ၇ | ကိုယ်ဝန်ဆောင်မိခင်များကျန်းမာရေးအသိပညာဗဟုသုတရရှိရေးအတွက်အသိပညာပေးဟောပြောပွဲများပြုလုပ်ရန်ကျန်းမာရေး | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | | |
| ၈ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရန်အိမ်တွင်းမှုသင်တန်းကျောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း | | | | | |
| ၉ | သီးနှံအဖျက်ပိုးအန္တရာယ်လျော့နည်းရေးတောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်နိုင်ရန်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | | |
| ၁၀ | သက်ကြီးဘိုးဘွားများနှစ်စဉ်ပူဇော်ပွဲများပြုလုပ်ရန်နှင့်စောင့်ရှောက်မှုများ ပြုလုပ်ရန် အတွက်ပရဟိတအသင်း ဖွဲ့စည်း ဆောင်ရွက်ခြင်း | | | | | |
| ၁၁ | ကျန်းမာရေးအသုံးအဆောင်နှင့်ကျန်းမာရေးပစ္စည်းအလုံအလောက်ရရှိရေးနှင့်ဝန်ထမ်းများဖွဲ့စည်းပုံအတိုင်းရရှိရန် ကျန်းမာရေးဦးစီးဌာန နှင့် ချိတ် ဆက်ဆောင်ရွက် ခြင်း | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သ ဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

### (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

လက်ပံကျွန်းကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စု

များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန် ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက် များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(Monitoring Report)ကို လူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာ ထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီ းသက်ဆိုင် ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာ တွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ

ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ် များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက် နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၈ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၉ | ၂၀ | ၄၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၇ | ၂၀ | ၄၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၃၁ | ၅၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၈ | ၄၀၁ | ၇၁၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၁ | ၇၆ | ၁၂၇ |
| **စုစုပေါင်း** | | **၄၃၈** | **၅၃၁** | **၉၆၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၉၁** | | |

**လေ့လာတွေ့ရှိချက်။** ။ နန်းတော်ရပ်ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၂၉၁)စုရှိပြီး၊ ကျား(၃၁၈)ဦး၊ မ (၄၀၁)ဦး ဖြင့် လူဦးရေပေါင်း (၇၁၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၂.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်နှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၄.၂)% ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ နန်းတော်ရပ်ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေပေါ်များသော်လည်း ကျေးရွာတွင်ရာသီအလိုက်လုပ်ကိုင်ရမည့်လုပ်ငန်းများမရှိပါကအခြားတစ်မြို့တစ်ရွာသို့သွားရောက် လုပ်ကိုင်သူနည်းပါးသည်ကို တွေ့ရှိရပါသည်။ စားနပ်ရိက္ခာဖူလုံမှုရှိသည် ကို တွေ့ရပါသည်။ မှီခိုရသော (၆၅)နှစ်အထက် သက်ကြီးရွယ်အို မ(၆၀)ဦး၊ ကျား(၄၀)ဦးစုစုပေါင်း (၁၀၀)ဦးရှိပြီး မှီခိုစရာမရှိသော သက်ကြီးရွယ်အို ကျား (၁၁)ဦး၊ မ (၁၆)ဦး စုစုပေါင်း (၂၇)ဦးရှိသည်ကို တွေ့ရှိရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၃ | ၂၁၆ | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၅ | | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ–လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
